# လရောင်ကျူးရင့်

ဖက်ဖူးရောင်

နှင်းဆီ



# အခန်း(၁)

"မစားဘူး၊ အဲဒါကြီး လုံးဝမစားဘူး၊ လုံးလုံး ယူသွားနော်၊ မယူရင် အကြင် တွန်းပစ်လိုက်မှာ "

အော်သံက စူးစူးဝါးဝါးကြီးဝင်လာသည် ။ မောက်စ်မှာ တင်ထားသည့်လက်က တင်းခနဲဖြစ်သွား ၏။ ပြီးတော့ ခြေထောက်သေးသေးလေးနှင့် ဖနောင့်ပေါက်ပြေးသံက ဆက်တိုက်။

သူ့မျက်လုံးတွေ မိုနီတာပေါ်ကနေ မျက်နှာရှေ့အမြင့်မှာ ရှိနေသည့် အပေါ်ထပ်ကော်ရစ်ဒါရှည်ကြီး သို့ စူးစိုက်ကျရောက်သွားသည် ။

သူ ကြည့်နေတုန်းမှာ ပဲ ညဝတ်အင်္ကျီပွပွလေးနှင့် လေးနှစ်သမီးလေး'မြတ်နိုးကြင်'သည် အတွင်း တံခါးတစ်ချပ်ကို ဗရုတ်သုတ်ခ တွန်းဖွင့်ပြီး ပြေးထွက်လာသည် ။

လက်ဝဲဘက်အခန်းကို ခြေငါးလှမ်းခန့်ပြေးသွားပြီးမှ လက်ယာဘက်ကို ချာခနဲပြန်ပြေးသည် ။ ပြီးတော့ အထဲကိုပြန်ကွေ့သွားသည့် စင်္ကြံလမ်းသွယ်လေးထဲသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

နောက်ကနေ ထက်ကြပ်မကွာလိုက်လာသူက 'ရှင်လုံး'။

လူက ပုပုလုံးလုံးလေးဖြစ်ကာ အကြင်နှင့် ဤသို့ဖြစ်လေ့ဖြစ်ထရှိတိုင်း ပါးစပ်ပြဲအောင် ပြေးလိုက်ရမြဲဖြစ်တာလည်း သူပဲဖြစ်သည် ။

"အကြင်လေး မီးမီးလေး လိမ္မာပါတယ် မီးမီးရယ်နော်၊ မီးမီး နေမကောင်းလို့ ထမင်းမကျွေးတာ ပါ၊ မုန့်လေးနည်းနည်းစားလိုက်နော်၊ ဒါမှ ဆေးသောက်ပြီး အိပ်လို့ ရမှာ "

"မစားဘူး၊ မစားဘူးလို့ ပြောပြီးပြီနော်၊ အကြင် ဘွားဘွားကြီး ကြားအောင် အော်ပစ်လိုက်ရ မလား၊ ဟောဒီမှာ ..."

"အမယ်လေး အကြင် မအော်ပါနဲ့ ၊ လုံးလုံး ရှိခိုးဆိုခိုးပါ့မယ်၊ မေမေကြီးကြားတာက တော်ဦးမယ်၊ အစ်ကိုလေးကြားမှ ငါ မိုးကြိုးပစ်မှာ ၊ မအော်ပါနဲ့ "

"မအော်နဲ့ ဆိုရင် လုံးလုံး ပြန်သွား"

အကြင်က တိုက်နောက်ဖေး ဝရန်တာတံခါးနားမှာ လက်နောက်ပစ်၍ ပြားနေအောင်ကပ်ထား ၏။ ရှင်လုံးက နောက်ကိုလည်း ဆုတ်သည် ၊ ပါးစပ်ကလည်း တောင်းပန်လို့ မဆုံးနိုင်။

"ဒါဆိုရင် လုံးလုံး မုန့်မကျွေးတော့ဘူး၊ အကြင်လေး ထွက်ခဲ့နော်၊ ဟိုလေ ဟိုချော့ကလက်မစ် ရှိတ် လုံးလုံး လုပ်ပေးမယ်၊ အဲဒါ မီးလေးကြိုက်တယ်မဟုတ်လား၊ ပြီးရင် မီးလေးက အိပ်ရာထဲမှာ ငြိမ်ငြိမ်လေးလှဲနေ၊ လုံးလုံးက ပုံပြောပြမယ်"

"ဆေးမသောက်ရဘူးလား"

"ဩော် ... မီးလေးကလည်း အဲဒါက ..."

အကြင်က လည်ချောင်းစင်းအောင် အာခေါင်ခြစ်အော်သည် ။

လုံးလုံး နားနှစ်ဖက်ပိတ်ရင်း အကြင်ဆီ အတင်းပြေးဝင်သည် ။ ပြီးတော့ အကြင်ကို ဖွတ်ဝင်ဖက် ကာ ပါးစပ်ကိုပိတ်ဖို့ ကြိုးစားသည် ။

"ဖယ်နော် လုံးလုံး၊ ဟောဒီမှာ ဘွားဘွားရေ၊ ဖေဖေငယ်"

"ဟိတ်"

"ဟယ်"

ဆူညံလုံးထွေးနေဆဲ နောက်မှာ ပေါ်လာသည့်အရိပ်နှင့်အတူ အသံကြောင့် ရှင်လုံး လန့်ဖျပ်သွား ၏။ အကြင်လည်း အသံတိတ်သွား၏ ။

"အ … အစ်ကိုလေး"

"အဲဒါ ဘာဖြစ်နေကြတာလဲ"

"ဘာမှ မဖြစ်ပါဘူး အစ်ကိုလေးရယ်၊ အကြင်လေးက ဟို …"

"တော်စမ်း"

ရှင်လုံးစကားသံ တိခနဲ တိတ်ကျသွားသည် ။

"ဒီကလေးတစ်ယောက်ကို မနိုင်နင်းဘူးလား၊ ညတိုင်း ဒီအချိန်ရောက်တိုင်း ဒီအသံကို မပျက် မကွက် ကြားနေရတာ ဘာလဲ၊ အဲဒါ နင့်အရည်အချင်းတွေလား"

"အစ်ကိုလေးရယ် ကျွန်မလည်း မရမက ချော့ပါတယ်၊ ကလေးက နေမကောင်း …"

"ဘယ်အချိန်ဖြစ်ဖြစ် ကလေးထိန်းတဲ့ သူက ကလေးရဲ့ အထာကို ကျွမ်းနေရမှာ ပေါ့၊ ဒီအိမ်မှာ ကလေးထိန်းတဲ့ သူကို လစာအမြင့်ဆုံး သတ်မှတ်ပြီး ပေးထားတာ၊ ယူထားသလောက် တန်အောင်လုပ် နိုင်ရမှာ ဘယ်သူ့တာဝန်လဲ"

"ကျ … ကျွန်မ တာဝန်ပါ"

ရှင်လုံး လက်ဖဝါးနှစ်ဖက်ဆုပ်ထားရင်း ခေါင်းငုံ့နေ၏။ အကြင်က လက်ကလေးနောက်ပစ်၍ သူ့မျက်နှာကို မော့ငေးနေသည် ။

"နောက်နေ့ကစပြီး ကလေးထိန်းတဲ့ တာဝန် နင် မယူနဲ့ "

"ရှင် ..."

ပါးဖောင်းဖောင်းလေးနှစ်ဖက်နှင့် စုထွေးနီမြန်းသော နှုတ်ခမ်းလေးတွေ ဖိကိုက်ရင်း မော့ငေးနေ သည့် အကြင်ထံသို့ သူ့မျက်လုံးတွေ ရောက်သွားသည် ။

စောစောက အလွန်ဆိုးရွားစွာ အော်ဟစ်နေသော အကြင်သည် သူကြည့်လိုက်တာနှင့် မျက်လွှာ လေးချပစ်ကာ ခေါင်းကိုပါ အတင်းကြီးငုံ့ထားလိုက်၏။

"အကြင်"

"ရှင်"

နီးနီးဝေးဝေး ခေါ်လျှင် 'မော့မကြည့်နဲ့ ၊ ပြေးမလာနဲ့ '၊ ထူးမှ ကြိုက်တတ်သည့် သူ့ရှေ့မှာ အကြင် ဘယ်တော့မှ မဆိုးရဲပေ။

"လာစမ်း ဒီကို"

အကြင် လက်ကလေးပိုက်လိုက်သည် ။ မော့ထူးပြီးသည့် မျက်နှာလေးကို ပြန်ငုံ့လိုက်ပြီး ရှေ့တိုး လာသည် ။

"ဘာဖြစ်လို့ ဆူညံနေတာလဲ"

"မီးမီး မစားချင်တာတွေ လုံးလုံးက ကျွေးတာကိုး"

"စားချင်တာစားရအောင် ညည်းက လူကောင်းလား"

"မီးမီး ကိုယ်မပူတော့ဘူး"

အကြင်က သူ့နဖူးလေးသူစမ်းပြပြီး မော့ကြည့်၏။ ခံပြောလိုက်တာမျိုး မဟုတ်ပါ။ မျက်ဝန်းလက် လက်ကလေးများ နှင့် အလျင်စလို ရှင်းပြလိုက်တာမျိုးဖြစ်သည် ။ ဟိုတုန်းက ခေါ်ကြသော ဂျပန်ဆံ တောက်ဆိုတာမျိုး နားရွက်ကုတ်ဆံပင်၊ ဆံမြိတ်ထူထူလေးနှင့် အလွန်ချစ်စရာကောင်းသည့် မျက်နှာ လေးဖြစ်သည် ။

ဒါပေမဲ့ သူ့မျက်နှာမှာ နူးညံ့ကြင်နာတတ်သော ရီဝေသိပ်သည်းမှုတို့ ရှိမနေပါ။ ထူတန်းနေသည့် မျက်ခုံးထူထူများ အောက်မှ မျက်လုံးအစုံက စူးစူးရဲရဲဖြစ်နေသည် ။ ထို့ပြင် မျက်ခုံးတန်းတို့ ကို ကုတ်ချ ထားတော့ တင်းမာခြင်းသို့ရောက်နေ၏။

"ကိုယ်မပူတော့ဘူးဆိုတော့ နေကောင်းသွားပြီလို့ ဆရာဝန်က ပြောသွားလား၊ စားချင်တာ စားလို့ ရပြီကော ပြောသွားလား"

"မပြောပါဘူး"

ခေါင်းလေးခါ၍ တစ်ခါတည်းဖြေသည် ။ ပြီးတော့ လက်လေး ပြန်ပိုက်ပြီး ငုံ့သွားရှာသည် ။

"ညည်း လူလား၊ တိရစ္ဆာန်လား"

"လူပါ ဖေဖေငယ်"

"လူဆိုတာ အကျိုးသင့်အကြောင်းသင့်ပြောပြရင် နားလည်ရတယ်၊ ဒါမတော်ဘူးလို့ တားရင် နောက်ဆုတ်ရတယ်၊ အားလုံး အိပ်ချိန်ရောက်နေကာမှ ညည်း ပါးစပ်ဖြဲပြီး တအားအော်တာ ရှေ့မသိ၊ နောက်မသိ ဆင်ခြင်ဉာဏ်ဘာမှ မရှိတဲ့ တိရစ္ဆာန်တစ်ကောင်နဲ့ ဘာထူးသလဲ၊ ပြီးတော့ မိန်းကလေး၊ ခုတည်းက အထိန်းအကွပ်မရှိ လုပ်ချင်ရာလုပ်တတ်တဲ့ အကျင့်တွေရှိရင် ..."

"သား"

သူ စကားမဆုံးဘဲ ရပ်ပစ်လိုက်သည် ။ လှည့်မကြည့်ပေမဲ့ နောက်မှ မေမေ ရောက်နေပြီမှန်း သိလိုက်ရသဖြင့် ခြေတစ်လှမ်းရွှေ့၍ ကလေးနဲ့ မေမေကြားမှာ တစောင်းလှည့်ရပ်လိုက်၏။

ရှင်လုံးကတော့ ကုတ်ကုတ်လေးထွက်သွားပါပြီ။

"သားရယ် အချိန်လည်း မရှိတော့ဘူး၊ သားလည်း အလုပ်လုပ်ရဦးမယ် မဟုတ်လား"

"အလုပ်လုပ်လို့ မှ မရတာ မေမေ၊ မေမေ့မြေး အာခေါင်ခြစ်အော်နေတာ လူကြီးတွေကို တမင် တကာ ပမာမခန့်လုပ်နေသလိုပဲ"

ဒေါ်သဲနှစ်ကပြောပြီး မြေးဖြစ်သူကို လှမ်းကြည့်သည် ။'ဒီကိုလာမြေး'လို့ မပြောဖြစ်ပေမဲ့ ခေါင်းညိတ်ခေါ်လိုက်၏။ အကြင်က ခေါင်းခါပြပြီး သူ့ကိုမော့ကြည့်သည် ။ ကိုယ်တိုင် မသန်မစွမ်းဘဝ နှင့် ဒေါ်သဲနှစ် သက်ပြင်းချမိလေသည် ။

အနားမှာ အမြဲရှိနေသည့် မိမိုးကို ဝှီးချဲပေါ်ကနေ နောက်ပြန်တို့လိုက်ကာ ...

"မိမိုး ကလေးကို ခေါ်သွား"

"ဟုတ်ကဲ့"

မိမိုးက ခေါင်းလေးငုံ့သွားကာ အကြင်ကို ချီခေါ်သွား၏။ သူ့မျက်နှာကြီး နီမြန်းတင်းမာနေလျက် တစ်ဖက်သို့ လှည့်ထားသည် ။

"သား"

ဒေါ်သဲနှစ်က ဝှီးလ်ချဲကို သူမဘာသာပဲတွန်း၍ သားဖြစ်သူရှေ့မှာ ရ

ပ်လိုက်သည် ။

"ကလေးကို တိရစ္ဆာန်တွေ ဘာတွေနဲ့ မနှိုင်းပါနဲ့ သားရယ်၊ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားကို မိဘက စပြောနေရင်း ကလေးက ဘယ်လိုလုပ်ဆင်ခြင်တော့မှာ လဲ။ ဒီကလေးဟာ ငယ်စဉ်ကတည်းက သားရဲ့ မျက်နှာကိုပဲ ကြည့်နေခဲ့တဲ့ ကလေး၊ ဘယ်သူ့အပေါ်မှာ ပဲဆိုးဆိုး သားအပေါ်မဆိုးဘူး၊ ဘယ်သူ့နား ဖြစ်ဖြစ် သူမကပ်ဘူး၊ လေးစားတယ်၊ တကယ်တော့ ကလေးရဲ့ မေတ္တာစိတ်က သား ဘာပြောပြော ဘယ်လိုဆူဆူ နားလည်ကျေနပ်နေတာပါ"

သူ့မျက်နှာ ချာခနဲလှည့်လာသည် ။

"ကလေးက နားလည်တယ်ဆိုတော့ ကျွန်တော်ကပဲ တစ်ဖက်သတ်ဆိုးနေတာပေါ့"

"ဒီလိုမဟုတ်ပါဘူး၊ ကလေးဟာ ဒီအရွယ်လေးကတည်းက ရက်စက်တင်းမာမှုတွေ၊ ဆူပူနှိမ့်ချ သံတွေနဲ့ ပဲ ဆက်လက်ကြီးပြင်းသွားခဲ့ရင် နှလုံးသားဒဏ်ရာ ရသွားလိမ့်မယ်၊ မေမေပြောချင်တာ အဲဒါပဲ"

"ဒဏ်ရာတွေက အဲဒီကလေး မမွေးခင်ကတည်းက ရက်စက်တင်းမာမှုတွေ၊ ဆူပူနှိမ့်ချသံတွေနဲ့ ပဲ ဆက်လက်ကြီးပြင်းသွားခဲ့ရင် နှလုံးသားဒဏ်ရာ ရသွားလိမ့်မယ်၊ မေမေပြောချင်တာ အဲဒါပဲ"

"ဒဏ်ရာတွေက အဲဒီကလေး မမွေးခင်ကတည်းက ရှိခဲ့ကြတာပဲ၊ ကိုယ့်သွေးကိုယ့်သားမို့လို့ ၊ မဟုတ်ရင် လေတင် လေအောက်တောင် ဖြတ်မလျှောက်ဘူး"

"သားရယ်"

ဒေါ်သဲနှစ်မျက်နှာ အကြီးအကျယ် အိုစာသွားလေသည် ။ ပြောလေခ

က်လေပါလား ဟူသော အတွေးနှင့် သက်ပြင်းချရင်း ခေါင်းခါသည် ။

ပြောရမည်ဆိုလျှင် အချစ်ငတ်သောမိန်းမနှင့် မချစ်တတ်သော ယောက်ျား။ ထိုနှစ်ယောက်၏ ညားကြလေသတည်းမှာ နူးညံ့သာယာစွာ ဖွဲ့စည်းခဲ့သည် မဟုတ်ဘဲ သူလည်း ထင်သလိုနေ၊ ကိုယ်လည်း ပြောလို့ မနိုင်တော့ သူ့ကွယ်ရာမှာ ပဲသေသေ။

ဘယ်သူ့ကို ဘယ်သူကမှ ဂရုမစိုက်ခဲ့ကြဘဲ အိမ်ထောင်ရေး ကာလငယ်လေးတစ်ခုမှာ ပြတ်တောက်ကုန်ဆုံးသွားခဲ့ကြ၏။

ထိုကာလနောက်ပိုင်းမှာ 'မြတ်နိုးကြင်'ဟူသော  ကလေးငယ်လေးတစ်ယောက်၏ ဘဝက နွေးထွေးခြင်းကင်းမဲ့စွာ ကြီးပြင်းလာခဲ့ရပြန်သည် ။ အဆက်စပ်မဲ့ခဲ့သော မိဘနှစ်ပါး၏ ဥပေက္ခာ ကွန်ရက်တွေကြောင့် ကလေးရဲ့ ဘဝကို ဆက်လက်လွင့်မျောစေသင့်သလား။

မေတ္တာရဲ့ သဘောအတိုင်း အသွားအပြန်တော့ ရှိသင့်သည် ပေါ့။

***

## အခန်း(၂)

အလုပ်က ပြန်ရောက်သည် နှင့် ခြံထဲကထွက်သွားသည့် ကားတစ်စီး နှင့် လူသုံးယောက်အကြောင်း ကို သိချင်စိတ်ကြောင့် ခါတိုင်းလို အထဲ ကိုတန်းမဝင်ဖြစ်။

"နေဦး"

သူ့ကား ဝင်လာတာမြင်သည် နှင့် ဒေါ်သဲနှစ်ကလည်း ဝိုးလ်ချဲယူလာ သည့်မမိုးကို လက်ကာတား လိုက်သည် ။ ဆိုဖာပေါ်မှာ ကိုယ်ကို မတ်မ တ်ပြင်ထိုင်လိုက်ပြီး အပြုံးနှင့်ကြို၏။

"လာ သား ထိုင်"

သူ အိတ်ကို စားပွဲပေါ်တင်ကာ မေမေ့ရှေ့မှာ ထိုင်လိုက်၏။

"ဘယ်သူတွေလာတာလဲ မေမေ"

သူပဲ စမေး၏။ ဒေါ်သဲနှစ်က ခေါင်းညိတ်လိုက်ရင်း ...

"မေမေ အဲဒါပြောမလို့ ပါ၊ မိမိုး သားအတွက် သံပရာရည် ယူခဲ့"

"ဟုတ်ကဲ့ရှင့်"

မိမိုးထွက်သွားတော့ ဒေါ်သဲနှစ်က သူ့ဘက်ကို လှည့်၍ ...

"မေမေ့မိတ်ဆွေတွေပါ၊ ဟိုဘက်က တိုက်ကလေးကို ငှားချင်လို့ "

သူ မျက်မှောင်ကြုတ်သွားသည် ။

"ဘယ်ဘက်ကတိုက်လဲ မေမေ၊ ဘာလုပ်ဖို့ လဲ"

"ခေါင်းရင်းခြမ်းလေ သားရဲ့ ၊ မေမေတို့ မှာ အိမ်မှာ အလုပ်သမား တွေ အများကြီးထားလို့ သာ၊ မဟုတ်ရင် မိသားစုလေး သုံးယောက်တည်းရယ်၊ အဲဒီဘက်ခြမ်းကို ရှင်းလင်းသန့်စင်နေရတာက အလုပ်တစ်ခု ဖြစ်နေတယ်လေ၊ အိမ်ဆိုတာ လူမနေရင် တိရစ္ဆာန်ဖျက်တာနဲ့ ပျက်တတ်တယ်၊ အဲဒါကြောင့် မေမေကတော့ ငှားမယ်လို့ ပြောလိုက်ပြီ"

"ဟာ မဟုတ်တာ မေမေရာ"

သူ မျက်မှောင်ကြုတ်ကြုတ်နှင့် ဆတ်ခနဲလှဲသွားသည် ။ ပြီးတော့ ပြန်လှည့်လာကာ ...

"တိုက်က တစ်လုံးစီမှ မဟုတ်တာ မေမေ၊ ပြီးတော့ ခေါင်းရင်းဘက်မှာ ပဲ ဝရန်တာအပြည့်ထုတ် ပြီး သီးသန့်ထားတာ"

"ဒီဘက်မှာ လည်း ဝရန်တာရှိတာပဲ သားရဲ့ ၊ သား ဝရန်တာသွားသွားထိုင်တတ်တာကို မေမေသိ ပါတယ်၊ ဒါပေမဲ့ နောက်ထဲမှာ ဒီတိုင်းထားနေရတာပဲကွယ်"

"မဟုတ်သေးဘူး မေမေ၊ ဒီတိုက်ဆောက်ကတည်းက အဲဒီဘက်က လူနေဖို့ မှ မဟုတ်တာ၊ တမင်တကာ တစ်ဝက်နိမ့်ချပြီး ဘန်ဂလိုဆန်ဆန် အပြည့်ထားပြီး အဲဒီမှာ က အပန်းဖြေဖို့ သက်သက်နဲ့ ထိပ်ဖွင့်ထားတာ၊ ပတ်လည်ဝရန်တာတွေနဲ့ သေချာစီစဉ်ထားသမျှ အပန်းဖြေဖို့ ပဲ မေမေ၊ လူနေဖို့ မှ မဟုတ် တာကို၊ လူမှ မနေတာလို့ ဘာလို့ ပြောတာလဲ "

"ဒီလို သားရယ် အဲဒါလည်း ပါတယ်၊ အခုလာပြောတာက မေမေ့ မိ

တ်ဆွေရင်းတွေဖြစ်နေလို့ အားနာတာကော၊ ဆရာဝန်ကြီးကလည်း တစ်ကိုယ်ရေ တစ်ကာယပဲ"

"ဆရာဝန်"

"ဟုတ်တယ် သား၊ ဆရာဝန် ကိုယ့်အနီးမှာ ဘယ်လောက် ဟန်ကျသလဲ၊ ပညာတတ်လူရည်သန့် ပဲဥစ္စာ၊ မေမေတို့ အတွက် ဘာမှ ဇယားရှုပ်ဖို့ မရှိပါဘူး"

တစ်ယောက်ပဲဖြစ်ဖြစ်၊ တစ်ပိုင်းပဲဖြစ်ဖြစ် လူပိုတစ်ယောက်ထားပြီး ရှောင်ရမှာ တွေ၊ ဆင်ခြင်ရ မှာ တွေကို သူမလိုလားပေ။

အထူးသဖြင့် အကြင်က ဆိုးသည် ။ သူမရှိသည့်အချိန်တွေမှာ ဘွားအေကိုလည်း မကြောက်၊ အိမ်ဖော်တွေရှိသမျှ ဘယ်သူ့ကိုမှ လည်း ဂရုမစိုက်၊ ပက်ခနဲ ပက်ခနဲ ပြန်ပြောသည် ။ ငိုပြီဆို ခါးကုန်း သွားသည် အထိ အာခေါင်ခြစ်အော်တတ်၏။

ဒီပုံစံနဲ့ အနားမှာ သူစိမ်းတစ်ရံဆံရှိရင် ဘယ်လိုလုပ်မလဲ။

"ပြီးတော့ သားရယ် အဲဒီဆရာဝန်ကြီးက လွိုင်ကော်ကနေ ဒီကိုပြောင်းလာရတာ၊ ရန်ကုန်မှာ ဆို ရင်းနှီးတဲ့ အသိတောင် မရှိဘူးတဲ့ ၊ စိမ်းတို့လည်း ငှားတယ်ရယ် ဘာရယ် မဟုတ်ပါဘူး၊ အကူအညီ တောင်းတဲ့ သဘောနဲ့ ..."

သူ ကျွတ်ခနဲ စုတ်သပ်လိုက်ကာ ...

"အဲဒါပဲ မေမေ၊ လူမှုရေးဘောင်က သိပ်ရှုပ်တာ၊ ခင်မင်တာတွေ၊ အားနာတာတွေနဲ့ စလာ ကတည်းက ကြာလေရှုပ်လေဖြစ်မှာ ပဲ၊ တိုက်က တစ်လုံးတည်းကို အနိမ့်နဲ့ အမြင့် ဆောက်ထားလို့ ရှေ့က ကြည့်ရင် နှစ်လုံးပူးနေတယ်ထင်ရတာ၊ ဆရာဝန်မို့လို့ ပိုတောင်ပြဿနာရှိသေးတ

ယ်၊ တစ်ကိုယ်ရေ တစ်ကာယ သီးသီးသန့်သန့်နေချင်တဲ့ လူနဲ့ မေမေ့မြေးနဲ့ ..."

"အဲဒါ သားစိတ်မညစ်စေရဘူး၊ တိုက်ကြီး ဒီလောက်ကြီးတာ ဟိုဘက်မှာ လူရှိမှန်း မြေးလေးက သိတောင်သိမှာ မဟုတ်ဘူး ၊ ပြီးတော့ တော်ရုံဆူတာလောက်ကို ဟိုဘက်ဒီဘက် သိပ်မပေါက်နိုင်ပါဘူး ကွယ်"

ဘာတတ်နိုင်တော့မှာ လဲ။ ဒီထက်ပိုပြီး ပြစ်ချက်တွေ ပြောပြ တားဆီးနေတာလည်း ဒုက္ခိတဖြစ် နေရှာသည့် မေမေက 'ငါ ဒီဘဝရောက်နေပြီဆိုတော့ ငါ့စကားမအောင်တော့ဘူးပေါ့'စသည့် ဘာညာ တွေတွေးပြီး စိတ်ဆင်းရဲသွားဦးမည်။ သူနေရာမှ ထရပ်လိုက်ပြီး အိတ်ကို ပြန်ကောက်ယူကာ ...

"စပေါ်တွေဘာတွေ ယူလိုက်ပြီလား မေမေ"

"မယူဘူး၊ သားက ယူစေချင်လို့ လား၊ စိမ်းက မေးပါတယ်၊ တော်ကြာ စာချုပ်စာတမ်းကိစ္စတွေနဲ့ စာရင်းဇယားတွေရှုပ်နေမှာ စိုးတာနဲ့ တစ်လ နှစ်သိန်း သတ်မှတ်ပေးလိုက်တယ်၊ တစ်လ ကြိုပေးပေါ့"

"ကောင်းပါတယ်၊ ကျွန်တော်က ယူလိုက်မိမှာ စိုးလို့ "

သူ ဒီဘက်လှည့်လိုက်တော့ အကြြင် အိမ်ပေါ်ထပ်ကနေ ပြေးဆင်းလာကာ ...

"ဖေဖေငယ် ပြန် လာပြီ"

ဂါဝန်လေးတကားကားနှင့် သူ့အိတ်ကို ပြေးယူသည် ။ ပြီးတော့ သူ့လက်ခုံကို ပါးဖောင်း ဖောင်းလေးနှင့် ဆွဲကပ်လိုက်ပြီး နှုတ်ခမ်းလေးနဲ့ ဖိကပ်နမ်း၏။

"ဖေဖေငယ် မီးမီးလေးမှာ လိုက်တဲ့ ရောင်စုံခဲတံတွေ ပါလားဟင်"

"အဲဒီထဲမှာ "

တက်ကြွရွှင်မြူးခြင်းကင်းမဲ့သော မျက်နှာသေနှင့်ဖြေပြီး အကြင့်လက်ကလေးကို ဖယ်ချလိုက် ၏။ ပြီးတော့ ခြေလှမ်းကျဲများ နှင့် အပေါ်ထပ်ကို တက်သွားလေသည် ။

"ဟေး ဘွားဘွား ဖေဖေငယ်က ရောင်စုံခဲတံတွေ ဝယ်လာတယ်တဲ့ ၊ ပါလာတယ် ပျော်စရာကြီး"

အကြင်က အိတ်ကို ချိုင်းကြားထဲထိညှပ်ပိုက်၍ တစ်ဖက်က ဂါဝန်စလေး မ,ထားပြီး သူ့နောက်က နေ တဒုံးဒုံးနှင့် ပြေးလိုက်၏။

မြင်ကွင်းကိုမော့ကြည့်ရင်း ဒေါ်သဲနှစ် ခေါင်းတညိတ်ညိတ်ဖြစ်ကျန်ခဲ့သည် ။ ကလေးကို မကြင်နာ သလိုနေခဲ့ပေမဲ့ ဥပေက္ခာထားတာမျိုးတော့ မဟုတ်ပါဘူးဟု တွေးမိကာ စိတ်ချမ်းသာသလို ဖြစ်သွားခဲ့ သည် ။

ဒီဘက် ပြန်လှည့်လိုက်တော့ သားဖြစ်သူ တို့ ထိမသွားခဲ့သော သံပရာဖျော်ရည်ခွက်လေးက ဒီအတိုင်း မိမိုး လာချပေးသွားတာတောင် သတိမထားမိလိုက်သည့်အဖြစ်။

***

# အခန်း(၃)

ညက မိုးတော်တော်ရွာထားပုံရသည် ။ လမ်းထဲမှာ ရေဗွက်တွေ တော်တော်တင်ကျန်ခဲ့၏။ ခုလည်း မိုးသားတွေညို့ကာ မိုးဖွဲလေးများ တဖွားဖွားကျလို့ ပါ။ အိမ်ကိုရောက်ချင်သည့် အလျင်စလိုစိတ်နှင့် ကား ကို အရှိန်မသတ်ဘဲ မောင်းဝင်လာခဲ့သည် ။

သူ ကုမ္ပဏီကိစ္စတစ်ခုနှင့် ခရီးထွက်ခဲ့ရတာ သုံးရက်ရှိပြီ ဖြစ်၏။ ည က မေမေ သူ့ကို ဖုန်းဆက် သည် ။ အကြင် နေမကောင်းလို့ တဲ့ ။

"သားရယ် သားကသာ မျက်နှာသာမပေးတာ၊ မြေးလေးက သူ့အဖေ ကို၊ မိခင်ကိုတွယ်ကပ်ချင် တာမျိုး ချစ်ရှာတာ၊ ဖေဖေငယ် မလာသေး ဘူးလား၊ ဖေဖေငယ်ကို ဖုန်းဆက်ခေါ်ပေးနဲ့ ကွယ်"

ကားမောင်းလာခဲ့ရင်း စိတ်တွေက ကလေးဆီမှာ ပဲ ပျံ့လွင့်နေခဲ့သ ည် ။ အကြင့်ကို သူချစ်ပါသည် ။ ဒါပေမဲ့ ဒီကလေးနဲ့ ပတ်သက်၍ မကျေ နပ်စရာတွေ နောက်ကြောင်းမှာ ရှိနေခဲ့သည် ။

ကလေးကို ချစ်သည့်စိတ်ဝင်လာတိုင်း'ဒီကောင့်ရင်သွေး'ဆိုသည့် စူး အောင့်သောခံစားချက် ပြင်းပြင်းက ကာဆီးထားခဲ့သည် ။

လူယုတ်မာ၊ မိန်းမတစ်ယောက်ကို လက်ထပ်ယူခဲ့ပြီးမှ မချစ်ပါဘူး ဆိုသည့် ခေါင်းစဉ်တပ်၍ တာဝန်မဲ့စွာ ရှောင်ထွက်သွားခဲ့သည် ။

ကလေးမှာ ဘာအပြစ်မှ မရှိတာ သိနေပေမဲ့ ကလေးနဲ့ ဒွန်တွဲ၍ မြင်

နေခဲ့သည့် ဒီမျက်နှာကို ဘယ်လိုမှ မေ့မရပေ။

မေမေကတော့'ကိုယ့်သွေးကိုယ့်သားပဲ သားရယ်'လို့ တဖွဖွ နားချသည် ။ အကြင့်ကို သနား လွန်းလို့ မပြီးနိုင်။ သူ့ရှေ့မှာ တားဆီးတာ၊ အရေးပေးတာမျိုးမလုပ်ဘဲ ကွယ်ရာမှာ ကမ်းကုန်အောင် အလို လိုက်သည် ။

ထို့ကြောင့် မြတ်နိုးကြင်ဆိုသောကလေးဟာ သူ့ရှေ့မှာ နှင့် သူ့ကွယ်ရာမှာ ဆို ဆီနဲ့ ရေလိုကွာ၏။ သူမှ လွဲ၍ ဘယ်သူ့ကိုမှ မကြောက်။ မရိုင်းပေမဲ့ မရိုသေ။ သူ့ရှေ့မှာ ဆို လက်ပိုက်၊ ခေါင်းငုံ့လျက် ကျောက် ရုပ်လေးဖြစ်သွားတတ်သလောက် ကွယ်သွားသည် နှင့် သွက်မှ သွက်၊ လည်မှ လည်လို့ မေမေ ခဏခဏ ပြောပြီး ရယ်တတ်၏။

ဘာပဲဖြစ်ဖြစ် အကြင့်ကို သူချစ်ပါသည် ။ တင်းမာပြတ်တောက်စွာ ဆက်ဆံနေခဲ့သမျှဟာ ...

"ဖြန်း ..."

"အား ..."

အသံနှစ်ရပ်နှင့်အတူ ကားက နိမ့်ခနဲဖြစ်သွားသဖြင့် ရေချိုင့်ကို နင်းလိုက်မိပြီမှန်း သိလိုက်သည် ။ နောက်ကြည့်မှန်ထဲကနေ လှမ်းကြည့်လိုက်တော့ နီညိုရောင်ပါတိတ်ထဘီအပွင့်နှင့် အင်္ကျီကဆင်တူ၊ ဆံပင်တွေ တော်တော်ရှည်သော အမျိုးသမီးတစ်ယောက်။

လက်ဆွဲခြင်းလေးနှင့် ကားကိုလှမ်းကြည့်လိုက်၊ သူမကိုယ်ကို ငုံ့ကြည့်လိုက်နှင့်။ ပြီးတော့ ဆွဲခြင်း ကိုမြှောက်ကြည့်ကာ အထဲက ဖိုင်လိုမျိုး ထောင်ထားသည့်စာအုပ်တွေကို ဆွဲထုတ်နေတာတွေ့သည် ။

သူ ကားကိုရပ်ပစ်မိတော့မလို ဖြစ်သွားသည် ။ ရပ်လည်း ရပ်သွားသ

ည် ။ သို့သော် ကားက ရေဗွက်ကိုနင်းမိသည် ၊ သူမကိုယ်တစ်ခြမ်းမှာ လည်း ရေတွေစိုသွားပြီ၊ ကားကိုလည်း သူကိုယ်တိုင် ရေဗွက် ကို နင်းခိုင်းခဲ့တာမဟုတ်၊ လူမှာ စိုသွားပြီးတာကိုလည်း ဘာမှ ပြန်ညှစ်ယူလို့ မရနိုင်။

တောင်းပန်မှ ပိုဆိုးသွားဖို့ လည်း ရှိသေးသည် ။ သူ ရှေ့ကို ပြန်လည်ဆက်မောင်းလာခဲ့သည် ။ ကလေးဆီ အမြန်ရောက်ဖို့ က သူ့အတွက် အရေးကြီးနေ၏။

နောက်မှာ ကျန်ရစ်ခဲ့သည့် မျက်ဝန်းတစ်စုံကို သူ သတိမရ။

***

# အခန်း(၄)

"ဟော့ ညနေခင်းကြီး အေးတယ်လေ၊ ဘာလုပ်တာလဲ"

ခြံဝမှာ မာမီနဲ့ သူ ပန်းအိုးတွေကို မြေဆီဖြည့်သည့်အလုပ်မှာ အာရုံစိုက်နေကြတုန်း အကြင်နဲ့ မယ်တင် ခြံထဲဆင်းလာကြတာ မြင်တော့ လှမ်းအော်လိုက်မိသည် ။

"ဖေဖေငယ်"

အကြင်က ခြေလှမ်းလေးတုံ့သွားသည် ။ ဒါပေမဲ့ တစ်စုံတစ်ရာပြောဖို့ ကြိုးစား၏။

"သွား အထဲပြန်ဝင် မိုးအေးတယ်၊ အဖျားပြန်ဝင်ရင် ဘယ်လိုလုပ်မလဲ"

အကြင်သည် သူမ ထူထူထဲထဲကြီးဝတ်လာခဲ့သည့် ယုန်မွေး ဆွယ်တာလေးကို ပြန်ငုံ့ကြည့်ပြီး သူ့ကို မော့ကြည့်သည် ။ အနွေးထည် ဝတ်လာပါတယ်ဟု ပြောချင်တာမှန်း သူသိသည် ။

မယ်တင်က ကလေးကို စွေ့ခနဲ ပြန်ပွေ့၍ တတွတ်တွတ်ချော့နေသည် ။ ပြီးတော့ ပြန်ဝင်သွားကြ ၏။

ဒီရက်ပိုင်းမှာ မိုးချုပ်တာနှင့် မိုးရွာသည် ။ တစ်ညလုံး သဲမဲပြီး နေ့ဘက်ကျတော့ တစ်နေကုန် နေရောင်မမြင်ရဘဲ မိုးလည်း မရွာ။

ရာသီဥတုက ဆိုးရွားနေသဖြင့် သူလည်း မနေ့က ပြန်ရောက်ပြီ။ အလုပ်ထဲပြန်မသွားနိုင်သေး။ ကလေးက အဖျားကောင်းကောင်း ၊ မပြတ်သေးသဖြင့် သူမရှိလျှင် ပြောမရဆိုမရတွေဖြစ်ကာ အဖျားပြန် ဝင်မှာ စိုးရသည် ။

ခုလည်း သူလစ်ပြီထင်တာနှင့် ခြံထဲရောက်လာတာပဲဖြစ်သည် ။ ခြံထဲမှာ မြက်ခင်းစိမ်းစိမ်းတွေနှင့် ကွန်ကရစ်ခင်းထားတာတွေပဲ ရှိသည် ။

ဘယ်နေရာမှာ ပဲဖြစ်ဖြစ် ရေဗွက်တွေ၊ ရေအိုင်တွေဖြစ်နေ၏။ ကလေးပြန်ဝင်သွားမှ သူလှည့်ကြည့် နေမိစဉ် ဘောင်းဘီထဲက လက်ကိုင်ဖုန်းမြည်လာသည် ။

"ဟယ်လို"

"အစ်ကို ကျွန်တော်ပါ စိန်လင်း"

"အင်း ပြော"

ဖုန်းနားထောင်နေရင်း သူ့မျက်လုံးတွေက ခြံတံခါးဆီ ရောက်သွား၏။ မိုးပြာရောင်ပါတိတ် ဝတ်စုံနှင့် ဆွဲခြင်းလေးတစ်ဖက်က ဆွဲလျက် သူ့ခြံတံခါးတည့်တည့်မှာ ရပ်သွားသောအမျိုးသမီး။

"အင်း အကြောင်းရှိရင် ဖုန်းဆက်လေ"

"အစ်ကို့ကို ဖိတ်ထားတဲ့ ကိစ္စကော"

"အဲဒါက မနီးသေးပါဘူး"

ဖုန်းပြောရင်း သူစိုက်ကြည့်နေဆဲမှာ သူမက သံပန်းတံခါးကြီးကို ကိုင်၍ အထဲကို လှမ်းကြည့်နေ တာမြင်ရသည် ။ သူနှင့် မျက်လုံးချင်းဆုံလိုက်တော့ သူမမျက်ခုံးလေးနှစ်ဖက် တွန့်သွား၏။ သူမ မျက်ဝန်း တွေလ

ည်း ကျဉ်းမြောင်းသွားလေသည် ။

ဆံပင်တွေ တင်ပါးထိရှည်လျက် စည်းနှောင်ထုံးဖွဲ့တာလည်း မဟုတ်၊ လက်ကိုင်ပဝါလေးနှင့် နောက်မှာ ကပိုကရိုလေးပဲ စုစည်းထားတာဖြစ်သည် ။

ဒီပုံလေးအတိုင်းပဲ သူမြင်ခဲ့ဖူးတာ ဘယ်မှာ လဲ။ ဆွဲခြင်းလေးဆီ အကြည့်ရောက်သွားစဉ်မှာ ဖျတ်ခနဲ သတိရ၏။

ဟုတ်သည် ။ သူ့ကားကြောင့် ရေဗွက်တွေစဉ်ကျန်ခဲ့သည့် မိန်းကလေး။ ဒီလမ်းထဲကပဲ သူမ ထွက်သွားတာပါ။

"ဒီမှာ ..."

တံခါးကိုလည်း ဆွဲလှုပ်သည် ။

သူကြည့်နေတာကို မကျေနပ်သော မျက်ခုံးတန်းကလေးတွေ တွန့်လျက် လှမ်းခေါ်၏။

"ဟင် ... ဟေ ... ဩော် ... လာပြီ ဆရာမလေး လာပြီ"

မာလီဦးပုက သူမခေါ်သံကြောင့် လည်ပင်းရှည်သွားကာ ထူးလည်းထူးသည် ၊ ထရပ်မလို ကုန်းကွ သွားပြီးမှ လက်ထဲမှာ ကိုင်ထားတာတွေကို ပြန်ချ၏။

ပျာပျာသလဲ ကယောင်ကတမ်းနှင့် ဦးပုဖြစ်သွားတာကို သူစူးစိုက်ကြည့်ရင်း ဖုန်းကို အိတ်ထဲပြန် ထည့်သည် ။

တံခါးသွားဖွင့်နေတာကို ဘာမှ မမေးဘဲ ရပ်ကြည့်နေပြီးမှ ...

"ဦးပု"

"ဟေ"

"ဘယ်သူ့ဆွေ့သည် လဲ"

ဦးပုကိုမေးတာပေမဲ့ အနားက ဖြတ်ဝင်သွားမှ မေးတာမို့ သူမ ခြေလှမ်းတုံ့ခနဲ ဖြစ်သွားသည် ။

"ဆွေ့သည် မဟုတ်ပါဘူး လူလေးရဲ့ ၊ ခေါင်းရင်းတိုက်လေးမှာ နေမယ့် ဒေါက်တာမလေးလေ"

"ဘာ ..."

မာလီကြီးဖြေနေပြီပဲဟု တွေးကာ ဆက်လျှောက်ခဲ့သည့် သူမခြေလှမ်းတွေ တုံ့သွားပြန်သည် ။

ကြားလိုက်ရသည့် 'ဘာ'သံက ကျောနောက်မှာ တစ်စုံတစ်ရာနှင့် ပစ်တိုက်လိုက်သလိုပင်။

"နေဦး၊ မေမေ့ဆီမှာ တိုက်ခန်းငှားတာ မင်းလား ဟေ့ ..."

ရပ်နေပြီးမှ ဆက်လျှောက်သွားတာ နှစ်ခါ၊ သူမေးတာကို ကြားလိမ့်မည်။ သူမကို သူမသိ ဘူးဆိုတာလည်း သိနေလိမ့်မည်။

ဒါကို အရေးမစိုက်သလို လုပ်သွားသဖြင့် သူ့ခြေလှမ်းကျဲများက သူမဘေးကို ချက်ချင်းရောက် သွားခဲ့၏။

သူမသည် 'ဇယားရှုပ်လိုက်တာ'ဟု ပြောချလိုက်သလို ရှုံ့မဲ့မဲ့လေး ဝင့်ကြည့်လာသည့်မျက်ဝန်း များက ပို၍ ခံရခက်စေလျက် ...

"ဦးလေးပု ဖြေတယ်မဟုတ်လား၊ ကျွန်မဖြေလည်း ဒါပဲ၊ အပိုတွေ"

"ဘာ ...၊ ငါက အပိုတွေပြောတယ် ဟုတ်လား၊ ဒါငါ့အိမ် ..."

"သိတယ်လေ"

ပြောပြီး သူမက မျက်တောင်ဖျားလေးကို စင်းချကာ သူ့ကို ညှီစော်

ဟောက်စော်နံနေသည့် လူတစ်ယောက် ကြည့်သလို ကြည့်လိုက်လျက် …

"ပုံပန်းသဏ္ဍာန်နဲ့ လေလုံးထွားပုံကိုမြင်တာနဲ့ သိသာပါတယ်၊ ရှင့်ကို ဘယ်သူက မာလီပါလို့ ပြောနေလို့ လဲ"

သူ့မေးကြောနှစ်ဖက်မှာ တင်းခနဲဖြစ်သွားသည် ။ ဘယ်လိုမိန်းမလဲ။ မေမေ ပြောတုန်းက ဆရာဝန် ကြီးဆိုလို့ သူဘာမှ တောင် မမေးခဲ့မိပါ။ ခုကျတော့ ဆရာဝန်ကြီးဆိုတာ သူမကိုပြောတာလား။

ဆက်လက်မေးမြန်းပြောဆိုဖို့ စိတ်ကူးက ကုန်ခန်းသွားသဖြင့် ပါးစပ်ပိတ်လျက် စိုက်ကြည့်နေ သောသူ့ကို သူမက မော့ကြည့်သည် ။

"ကဲ ဘယ်လိုလဲ ကျွန်မက ဆက်သွားရမှာ လား၊ ဒီမှာ ဆက်ပြီး ရပ်နေရမှာ လား"

"ဖေဖေငယ်"

ပေါ်တီကိုအောက်ကနေ အကြင်က လှမ်းခေါ်နေပါပြီ။ မယ်တင်က ကလေးဘေးမှာ ငုတ်တုတ် လေးထိုင်၍ ဖက်ထားသည် ။

သူဘာမှ မပြောဘဲ ခြေလှမ်းကျဲကြီးများ နှင့် ဆက်လျှောက်လာခဲ့၏။ သူမနှုတ်ခမ်းမှာ မဲ့ပြုံးလေး တစ်ချက်နှင့် နောက်ကနေ လိုက်ကြည့်နေတာကို သူမမြင်ပါ။

ပေါ်တီကိုအောက်ကနေဖြတ်၍ တစ်ဖက်ကိုလျှောက်ခဲ့စဉ်မှာ သူမအိမ်ထဲကိုကော၊ ဘေးကိုကော ဘယ်လိုမှ မကြည့်။

ကိုယ့်ဧည့်ခန်းလေးကိုပြန်ရောက်ပြီး သိပ်မကြာခင်မှာ ဒေါ်သဲနှစ်ရောက်လာသည် ။

"သမီး အဲ ... ဒေါက်တာ"

"ဩော် ... တရင်းတနှီးခေါ်ပါ အန်တီ၊ 'သော'လို့ ပဲခေါ်ခေါ် သမီးဖြစ်ဖြစ် ရပါတယ်၊ လာပါ ထိုင်ပါရှင်"

ဒေါ်သဲနှစ်က တဖြည်းဖြည်းလှမ်းလာရင်း ဆိုဖာမှာ ဝင်ထိုင်လိုက်သည် ။ နောက် တံခါးဝမှာ ရပ် ကြည့်နေသည့် မိမိုးကို ပြန်လှည့် လက်ပြကာ ...

"ပြန်ပြန် ရပြီ၊ ပြီးမှ လာခဲ့၊ ဒါမှ မဟုတ်လည်း ငါ့ဟာငါ ပြန်လာလို့ ရတယ်"

'သော'က ရေခဲသေတ္တာလေးထဲကနေ သစ်တော်သီးနှစ်လုံး ထုတ်လာပြီး ပန်းကန်ပြားလေး ထဲမှာ ထည့်လာသည် ။

"အန်တီ့ကို ဝှီးလ်ချဲနဲ့ မြင်နေရတာ ခုလိုသွားလာနိုင်မယ်မထင်ဘူး၊ ခြေထောက်တွေက ပြန်ကောင်း သွားပြီလားဟင်၊ ဘာဖြစ်တာလဲ"

"ဩော် သမီးရယ် လူကြီးနာပေါ့၊ ထွေထွေထူးထူးရောဂါတော့ မဟုတ်ဘူး ၊ ဒါပေမဲ့ တစ်ခါတစ်ခါ အိပ်ရာထဲလဲပြီဆို ခြေထောက်တွေလည်း မနိုင်တော့ဘူး၊ မထနိုင် မကြွနိုင်နဲ့ ဒုက္ခိတပါပဲကွယ်။ အန်တီက တော့ တော်တန်ရုံ နေသာထိုင်သာရှိလာတာနဲ့ တတ်နိုင်သလောက်သွားတာပဲ၊ သားကြီးက မကြိုက်ဘူး၊ အိမ်ကြီးက ကြီးလွန်းတော့ မတော်တဆ လဲပြိုပြုတ်ကျမှာ စိုးတာလေ။ သူကိုယ်တိုင်က အိမ်မှာ အချိန် ပြည့်ရှိနေတာမဟုတ်တော့ ကလေးအတွက်ကော၊ အန်တီ့အတွက်ကော အလုပ်သမားတွေ ခေါ်ထားရတာ နည်းလို့ လား"

ဒေါ်သဲနှစ်က ရှည်ရှည်ဝေးဝေး ရှင်းပြ လာပြီးမှ သားဖြစ်သူနှင့် သက်ဆိုင်သည့်အပိုင်း ရောက်လာ တော့ 'သော'ကိုပြုံးပြကာ ...

"ခုနက သမီးလေး အလုပ်ကပြန်လာတော့ ခြံထဲလမ်းမှာ သားနဲ့ စကားပြောနေတာ အန်တီမြင် လိုက်တယ်"

"ရှင် ..."

'သော'က အံ့ဩသလိုလေးကြည့်ပြီးမှ ခေါင်းညိတ်ကာ ...

"ဪ ... ဟုတ်တယ်၊ အရပ်မြင့်မြင့် အသားလတ်လတ်နဲ့ လေ၊ သူ့မှာ ပါးမြိုင်းမွေးတွေနဲ့ "

"ဟုတ်တယ် သမီးရဲ့ "

ဒေါ်သဲနှစ်က သွားတွေပေါ်အောင်ရယ်သည် ။ ဆံပင်ဖြူရောသော ဆံထုံးခပ်သေးသေးမြင့်မြင့်နှင့် မဟာဆန်ဆန်နဖူးကြောင့် ဒေါ်သဲနှစ်က ဥပမိရုပ်အားဖြင့် သန့်စင်ထည်ဝါသော အမျိုးသမီးကြီးပါ။

ခုလို နှစ်ခြိုက်စွာပြုံးနေတော့ မာန်မာနတွေကင်းစင်ကာ ခင်မင်နှစ်လိုဖွယ် ဖြစ်နေပြန်သည် ။

ဒေါ်သနှင့်မဟုတ်သော ခါးထောက်ခြင်း၊ လက်ဖြုတ်လိုက်ခြင်း စသော လှုပ်ရှားမှုများမှာ ချက်လောက်ထိရှည်ကျသော အဆစ်ပျောက်ကြိုးပျော့ရှည်ကြီးက နွဲ့ခါနေ၏။ ကြွားနေတာမဟုတ်မှန်း သိပေမဲ့လည်း လက်ကောက်တွေတချွင်ချွင်မြည်သံက သတိမထားမိသလို နေလို့ ကိုမရပေ။

ဒေါ်သဲနှစ်သည် ခပ်ကြိတ်ကြိတ်ရယ်ရင်းကနေ အသံထွက်လာအောင် ရယ်မိလျက် ...

"ပြောစရာပါပဲကွယ်၊ အဲဒီပါးမြိုင်းမွေးရာဇဝင်က ကိုးတန်းကျောင်းသားကတည်းကလေ စိမ်းစိမ်းညို့ညို့ ပါးမြိုင်းမွေးရာကြီးက ထင်းနေတော့တာ၊ တကယ်က အသက်နဲ့ အတန်းက အတော်ပဲ၊ လူက ထွားကျိုု

င်းပြီး ဆံပင်နားသည် စပ်ကနေဆင်းတဲ့ ပါးမြိုင်းမွေးရာကြီးနဲ့ ဘယ်လိုကြည့်ကြည့် အားလုံးထဲမှာ သူက လူကြီးကလေးလို ဖြစ်နေတာပေါ့"

သောက ပြုံး၍ ပဲ ခေါင်းညိတ်နေလိုက်သည်။

"ဆယ်တန်းရောက်တော့ ပါးမြိုင်းမွေးက အရာထင်ကာ ဘယ်က တော့မလဲ ရိတ်လို့ ကို မနိုင်တော့ တာ၊ ငုတ်စိငုတ်စလေးတွေထွက်တိုင်း မရိတ်မိလို့ အတန်းပိုင်ဆရာ၊ ဆရာမတွေနဲ့ ပြဿနာတက်၊ ကျောင်းအုပ်ဆရာကြီးကခေါ်၊ စာကလည်း အရမ်းတော်တာ သမီးရဲ့ ၊ သူ့မျက်နှာ တည်တည်တင်းတင်း ကြီးက အဲဒီပါးမြိုင်းမွေးနဲ့ လည်း အများကြီးသက်ဆိုင်တယ် သိလား"

"မနှစ်သက်ရင် အမြဲတမ်းရိတ်ထားလို့ ရတာပဲ အန်တီ၊ ကိုယ့်မေးဖျားကို စမ်းမိရင် သိတာပဲဟာ"

"မနှစ်သက်တာ မဟုတ်ဘူး ၊ နှစ်သက်လွန်းလို့ မွေးမြူနေတာလည်း မဟုတ်ဘူး သူ့ကိုသူများ ဝေဖန်တာကိုပဲ မကြိုက်တာ၊ သူလည်း သိပ်ရှည်အောင် တမင်ထားတာတော့ မဟုတ်ဘူး ၊ ဒါပေမဲ့ ရှည်ထွက်လာတဲ့ အထိ မရိတ်ဖြစ်တာမျိုးရှိတယ်၊ အရှည်ကိုမခံဘဲ စိမ်းရာထင်နေတာ လောက်ပဲ ရှိနေတဲ့ အချိန်တွေလည်း ရှိတာပဲလေ၊ သူ့အကျင့်ကိုက သူများကိုလည်း သူမဆိုင်ဘဲနဲ့ လှည့်မကြည့်ဘူး၊ သူ့ကို ဂရုစိုက်ကြည့်နေတာလည်း မကြိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် သားကြီးက စိတ်သဘောထားဆိုးတဲ့ သူတော့ မဟုတ်ပါဘူးကွယ်"

"အဟွန်း"

သော ယဲ့ယဲ့လေးပြုံး၍ ဓားပါးလေးနှင့် အခွံခွာနေသည့် သစ်တော်သီးမှာ ပဲ အကြည့်တို့ ကို စူးစိုက် ထားသည်။

သဘောထားဆိုးသလား၊ ကောင်းသလားတော့ မသိပါ။ ဟိုနေ့ကပဲ မိုးရေဗွက်တွေ ရွှဲရွှဲစိုကျန်ခဲ့ သည့် သောကို သိလျက်နှင့် ထားပစ်ခဲ့သည် ။

အလွန်အင်မတန် လူမှုရေးစိတ်ဓာတ်မရှိ၊ မောက်မာရိုင်းစိုင်းလှသည် ဟု ခေါင်းထဲထည့်ပစ်ခဲ့ပြီဖြစ် သည့် သောအတွက် ဒီစကားကို ထောက်ခံဖို့ ခက်သွားသည် ။

ပြုံးထားမိသည့် နှုတ်ခမ်းကို မဲ့ကျမသွားအောင် ထိန်းလိုက်ရသည့် အလုပ်တစ်ခု ပိုသွား၏။ နှုတ်ခမ်းတွေ မလှုပ်ရှားခဲ့ပေမဲ့ ရင်ထဲမှာ စကားတွေပြောနေလိုက်တာ အများကြီး။

အန်တီက ကိုယ့်သားမို့လို့ ဖြစ်မှာ ပါ။

"ဒါပေမဲ့ သမီးရယ် သူက အပြောဆိုးတယ်။ ခုနက သမီးကို ပြောဆိုတဲ့ စကားထဲမှာ မဖွယ်ရာတဲ့ စကားများ ပါခဲ့ရင် တောင်းပန်ချင်လို့ အန်တီလာတာ"

ဒေါ်သဲနှစ်က သူမရောက်လာခဲ့ရသည့်အကြောင်းကို ဖွင့်ပြော၏။ သောက ‘ရပါတယ်’ဟု ပဲပြော ပြီး သစ်တော်သီးကို အစိတ်လေးတွေစိတ်သည် ။

ပန်းကန်လေးထဲမှာ လှလှပပထည့်ပြီးမှ ဒေါ်သဲနှစ်ရှေ့ကို တရိုတသေ တိုးပေးလိုက်ကာ ...

"စားလိုက်ပါဦး အန်တီ၊ ဟို ... အန်တီ သွားကောင်းရဲ့ လား မသိဘူး "

"ကောင်းတယ် သမီး၊ ဒါလောက်တော့ ဝါးနိုင်သေးတယ်၊ စားမယ်နော်"

ဆိုပြီး မစားသေးပါ။ ဒေါ်သဲနှစ်သည် သောကို တော်တော် စကားပြောချင်နေပုံရှိကာ ...

"စိမ်းတို့ က ဆရာဝန်ကြီး နေမှာ လို့ ပြောတော့ အန်တီကိုယ်တိုင် ယောကျ်ားအသက်ကြီးကြီးတစ် ယောက်ပဲလို့ ထင်ခဲ့တာ၊ သားလည်း ဘာမှ ထပ်မမေးတော့ ဒီလိုပဲထင်မှာ လေ။ သမီး ဒီကိုပြောင်းတဲ့ နေ့ တုန်းကတည်းက မနေ့ကထိ သား ဒီမှာ မရှိဘူး၊ သမီးကို သူခုနကမှ သိတာဖြစ်မှာ "

"ဟုတ်တယ်၊ 'မေမေ့ဆီမှာ တိုက်ခန်းငှားထားတဲ့ သူလား'လို့ သောကို မေးတယ်"

"ဟုတ်လား၊ ပြီးတော့ ဘာများ ပြောလိုက်သေးလဲဟင်"

"မပြောပါဘူး၊ ဒါပေမဲ့ သူ ကျေနပ်ပုံမရဘူး"

သော ဒါတော့ပြောဖြစ်သွားသည် ။ သူ အံကြိတ်လိုက်တာကို မြင်လိုက်သည် မို့ ရုတ်တရက် မျိုသိပ်မရလိုက်ဘဲ ဖြစ်သွား၏။

"မကျေနပ်တာတော့ မဟုတ်နိုင်ပါဘူး၊ သူ အံ့ဩသွားတာဖြစ်မှာ ပါ။ ပြောရမယ်ဆိုရင် အန်တီ ကလည်း စိမ်းတို့ ကို ငြင်းရမယ့်သူမဟုတ်တာ ရယ် နေမှာ က ဆရာဝန်ကြီးဆိုပြီးတော့လေ၊ ဟို ... သမီး စိတ်မဆိုးနဲ့ နော်၊ သိနေချင်လို့ ပါ သမီးကို အန်တီက မငြိုငြင်ပါဘူး၊ သားကတော့ အစကတည်းက ဒီတိုက်လုံးလေးငှားဖို့ ကို သဘောမတူခဲ့ဘူး၊ ဒါပေမဲ့ အန်တို့ကို သူမလွန်ဆန်ခဲ့တာလေ၊ ပြောရရင် သမီး ရယ် ဒါကိုငှားမယ် ဘာညာ ဘယ်သူ့မှာ မှ အစီအစဉ်မရှိခဲ့ဘဲ ငှားဖြစ်သွားတာ"

"သော သိပါတယ် အန်တီ၊ ခုလိုအဆင်ပြေသွားခဲ့လို့ လည်း အန်တီ တို့ ကို ကျေးဇူးတင်ပါတယ်၊ စပေါ်တွေ ကြိုငွေ ဘာမှ မယူထားဘဲ နေခွ

င့်ပေးထားတာ သော နားလည်ပါတယ်ရှင်"

ဒေါ်သဲနှစ် ကျေနပ်သွားသည် ။ ခေါင်းတညိတ်ညိတ်နှင့် ငြိမ်ကျသွား၏။ ပြီးမှ ပြောဖို့ ကျန်သေး သလို ခါးမတ်မတ်ဖြစ်သွားလျက် ...

"သမီးက ဘယ်ဇာတိလဲဟင်၊ သိချင်လို့ နော်၊ ဘယ်လိုသဘောမှ မပါပါဘူး"

"လှိုင်ကော်ပါပဲ၊ စပြီး တာဝန်ထမ်းဆောင်ရပြီဆိုကတည်းက ရန်ကုန်ကို ကျလာတာလေ၊ သောက စာမေးပွဲတွေ ဆက်ဖြေဦးမှာ ဆိုတော့ စာတွေကျက်ရမယ်၊ လေ့လာစရာတွေရှိတယ်၊ ဒီလိုနေရာ မှာ နေမှ အဆင်ပြေမှာ မို့လို့ ပါ၊ အဲဒါကို ပြောပြလို့ လည်း မမစိမ်းတို့ က ကူညီကြတာပါ"

"သြော် ... ဒါနဲ့ သမီးရဲ့ မိဘများက သမီး ခုလို တစ်ယောက်တည်း နေတာကို စိတ်ပူကြမှာ ပေ့ါ ကွယ်၊ သမီးမိန်းကလေး ချောချောလှလှကို "

"ပူပါတယ်၊ သော ဆရာဝန်ဖြစ်ဖို့ ကြိုးစားပြီဆိုကတည်းက မနှစ်သက်ကြတာလေ၊ ဒီလိုဖြစ်လာ ရင် တာဝန်ကျတဲ့ အတိုင်း သော ထွက်မှာပဲဆိုတာ မေမေတို့ က သိတယ်"

"ခုထွက်လာတော့ ဘာတွေဖြစ်ကျန်ခဲ့ကြလဲ"

သောက ပခုံးပေါ်ကလွန်၍ ရှေ့ကို တချို့တစ်ဝက် ပြုကျလာသည့် ဆံပင်ရှည်တွေကို ကျောနောက် ကို အသာလေး သပ်တင်လိုက်ပြီး ...

"သော မဟုတ်တာလုပ်တာမှ မဟုတ်ဘဲ အန်တီ၊ တိုင်းကျိုးပြည်ပြုကို ရေးရှုတာ၊ ကိုယ့်ဝါသနာနဲ့ ကိုယ် ကြိုးစားခဲ့ရတာ၊ အောင်မြင်တဲ့ လမ်းပေါ်ရောက်လာမှ တော့ ဒီလိုပဲ အဆင်မပြေတာလေးတွေ ရှိပေမဲ့ ဆ

က်လျှောက်ရတာပေါ့"

စကားပြောပုံလေးက ဆွဲဆောင်မှုရှိနေသည် ။ နှာတံချွန်ချွန်လေးက ထင်ထားသလို ကော့စင်းနေ တာ ဖြစ်၏။ အလုပ်ကအပြန် ရေမိုးမချိုးရသေးဘဲလည်း ချွေးတွေသံတွေနှင့် ဖရိုဖရဲ နွမ်းဖတ်ဖတ်ပုံစံ မဖြစ်။

ဝါပြေပြေနှင့် နုမွတ်နေသည့် ပါးပြင်လေးတွေကို ဒေါ်သဲနှစ် သေသေချာချာ ငေးကြည့်မိသွား သည် ။ ပြီးတော့ ပြုံးလိုက်ကာ ...

"သမီး လွတ်လပ်သလိုနေပါ၊ ခြံထဲမှာ လည်း သွားလို့ လာလို့ ရတယ်နော်၊ စာကျက်ဖို့ ဖြစ်ဖြစ်၊ အပျင်းပြေ လမ်းပဲလျှောက်လျှောက်ပေါ့၊ အကြောင်းကြီးငယ်ရှိရင်လည်း ဟိုဘက်ကို ကူးလာပါ၊ သားနဲ့ ဆုံမိတဲ့ အခါ သူပြောဆိုပုံကို စိတ်တိုင်းမကျဖြစ်ရင်တောင် အန်တီရှိသေးတယ် ဆိုတာ မမေ့ပါနဲ့ "

ဒေါ်သဲနှစ်က စကားကိုရပ်ပစ်လိုက်ပြီး သက်ပြင်းချသည် ။ ကိုယ့်ဘက်က လွန်ဖို့ တွေပဲရှိနေလို့ သည်းခံပေးပါ၊ နားလည်ပေးပါနဲ့ ပြောနေရပေမဲ့ သိပ်သဘာဝမကျဘူးဆိုတာတော့ သိပါသည် ။ သားသိ သွားရင်လည်း စိတ်ဆိုးဦးမည်။ ‘သည်းခံနေရအောင် ကျွန်တော်က ဘယ်လောက်ဆိုးနေလို့ လဲ’လို့ မေးလာဖို့ တွေလည်း ရှိ၏။

ဒါပေမဲ့ ကလေးမို့လို့ အပြောအဆိုမတတ်တာက တော်သေးသည် ။ လူကြီး ပြောပေါက်ဆိုးတာကို ဘယ်လိုဆုံးမမလဲ။

ကိုယ့်အတွေးနှင့်ကိုယ် လက်က သစ်တော်သီးပန်းကန်လေးဆီရောက်ကာ တစ်စိတ်တော့ ကောက်ယူ ဖြစ်၏။ ထိုအခါကျမှ သော ယူစားသည် ။ လူကြီးကို စားစေပြီးမှ သူမ ယူစားသည့်အဖြစ်ကို သတိထားလိုက်မိကာ ဒေါ်သဲနှစ် သဘောကျသွားပြန်သည် ။

ဒီဆရာဝန်မလေးဟာ မောက်မာတတ်သော မာန်မာနလည်း မရှိ။ နုနုညက်ညက်ကလေးလည်း လှသည် ။ ပညာတတ်လေးပေမဲ့ ပစ္စည်းဥစ္စာတော့ ချို့တဲ့ ရှာသည် ထင်၏။

"သမီးကိုမြင်တော့ သားကိုပိုပြီး မချင့်မရဲဖြစ်မိတယ်ကွယ်၊ တကယ်ဆို သားကိုလည်း အန်တီ တို့ က ဆရာဝန်ပဲလုပ်စေချင်တာ၊ အခွင့်အရေးတွေ ရှိပါလျက်နဲ့ ဝါသနာမပါပါဘူးဆိုပြီး အင်ဂျင်နီယာ လုပ်တယ်လေ၊ သူ့ဝါသနာနဲ့ သူတော့ ဟုတ်နေမှာ ပေ့ါ၊ ကားကုမ္ပဏီထောင်ပြီး မြင်လိုက်ရရင် ဟိုပြေး ဒီပြေး ဖတ်ဖတ်ကိုမောနေတာပဲ၊ ပြီးတော့ လုပ်ကိုင်နေကြတဲ့ နေရာမှာ အသက်အန္တရာယ်ရှိသေးတယ်"

"ဒါကတော့ ဝါသနာကြီးလာရင် ဒီလိုပါပဲ အန်တီ၊ ဟို ကလေးလေးကတော့ ချစ်စရာကောင်းပါ တယ်၊ စကားလည်း အရမ်းတတ်တာပဲ"

"ဟင် ... အကြင်လား"

ဟု မေးလိုက်ပြီး ဒေါ်သဲနှစ်မျက်နှာကြီး ချက်ချင်းပဲဝင်းကြည်သွား၏။

"မြေးလေးက သိပ်သွက်တာ၊ သူ့အမေနဲ့ စိတ်ကော၊ လူကော တစ်ထပ်တည်းပဲ၊ လုပ်ချင်ပြီဆို တကယ့်တဇွတ်ထိုး၊ သားကလည်း အဲဒါကိုပဲကြိုက်တာ"

"ကလေးရဲ့ အမေကို မတွေ့ရဘူးနော်"

"ကလေးအမေက ဆုံးသွားပါပြီ"

"ဩော် ... စိတ်မကောင်းလိုက်တာ၊ သော တောင်းပန်ပါတယ်"

"ရပါတယ်ကွယ်၊ စိမ်းကြတဲ့ လူချင်း ဒီလိုမေးမြန်းဆွေးနွေးကြမှ လည်း ရင်းနှီးကြမှာ ပေ့ါ၊ မသိတာကိုမေးပါ၊ ရပါတယ်၊ အန်တီ့မှာ သားနဲ့

သမီး နှစ်ယောက်တည်းရှိတာ၊ အခု သမီးက မရှိတော့ဘူး လေ၊ မြေး လေးရဲ့ မေမေပေါ့၊ မြေးလေးက အဘွားနဲ့ သူ့ဦးလေးလက်ပေါ်မှာ ကြီးပြင်းခဲ့ရတာပါ"

"ဩော် ..."

သောက ဒေါ်သဲနှစ်ကို အားနာလာသည် နှင့် စောစောက ချထားခဲ့သ ည့် သစ်တော်သီးအခွံခွာစဉ်က သုံးခဲ့သော လက်အိတ်လေးကို အမှိုက် ပုံးလေးထဲ သွားထည့်သည် ။

အလုပ်မရှိ အလုပ်ရှာလိုက်တာပေမဲ့ ဒီနေရာမှာ ပဲ ပြန်ထိုင်လိုက်သ ည် ။ ဒေါ်သဲနှစ်က ပြောလက်စ ကို ဆက်ပြောသည် ။

"မြေးလေးရဲ့ ဖေဖေကလည်း ဆုံးပြီလေ၊ မိဘမဲ့လေးပါ။ အဲဒါကြော င့် တစ်အိမ်လုံးပဲ ကလေးကို အလိုလိုက်ခဲ့ကြတာ၊ သားကတော့ သူ့တူမ လေးကို ချစ်ပါတယ်၊ ဒါပေမဲ့ ကလေးရဲ့ အဖေကို သဘောမတွေ့ ခဲ့တာ နဲ့ ကလေးကို ဆက်ဆံလည်း အဲဒီမျက်နှာပဲကွယ့်"

"ဩော် ... ကလေး အားငယ်မှာ ပေါ့ အန်တီရယ်၊ ဘာမှ မဆိုင်တာ ကို ..."

ထိုစဉ်မှာ မိမိုးတစ်ယောက် ပြန်ရောက်လာ၏။ ဒေါ်သဲနှစ်က တံခါး ဆီသို့ လှမ်းကြည့်ပြီး တစ်စိတ် ကလေးကို မကုန်နိုင်ဖြစ်နေသည့် သစ် တော်သီးလက်ကျန်အား ဟိုချမလို ဒီချမလို ဖြစ်သွားသည် ။

"ပေး အန်တီ၊ သော ပစ်လိုက်မယ်"

"အားနာလိုက်တာကွယ်"

"ရပါတယ် အန်တီ"

ဒေါ်သဲနှစ်ကို မိမိုးက ဝင်တွဲခေါ်သည် ။

"သမီးရေ အန်တီ ပြန်လိုက်ဦးမယ်ကွယ်၊ ဟိုဘက်ဒီဘက်ပဲဟာ သမီး အားတဲ့ အခါ လာလည် နော်"

"ဟုတ်ကဲ့ အန်တီ"

ခေါင်းညိတ်လိုက်ပြီးတော့ မျက်နှာတစ်ခုကို ဖျတ်ခနဲမြင်၏။ ပျူငှာလွန်းလို့ လေ ...

***